ၸဝ်ႈၸၼ်း ပႃႇတီႇမ့ႇသုင်လိုင်ႈတၢႆး
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS
E-mail: sspp.hq@gmail.com

# တာဖာဆောင်အရေးအခင်းနှင့်ပတ်သက်၍
# ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်၏ ထုတ်ပြန်ရှင်းလင်းချက်များ

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်
၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆုတ် ၂ ရက်

၁။ ၂.၁၀.၂၀၁၄ နေ့ရက်မှ စတင်ဖြစ်ပွားခဲ့သော တာဖာဆောင်တိုက်ပွဲအခြေအနေ လက်တွေ့ဖြစ်ရပ်မှန်ကို ရိုးသားပွင့်လင်းစွာဖြင့် ရဟန်းသံဃာတော်များ၊ မိဘပြည်သူလူထုများ၊ ရှမ်းပြည်တိုးတက်ရေးပါတီ ပါတီဝင်များ၊ ရှမ်းပြည်တပ်မတော် တပ်မှူးတပ်သားများ၊ နိုင်ငံရေးပါတီများ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် အဆွေတော်ညီနောင်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး သိရှိနိုင်စေရန် တင်ပြအပ်ပါသည်။

(၁) မိမိ SSPP/SSA သည် ဝမ်ပဝ်ကျေးရွာအုပ်စု၊ တာဖာဆောင်တပိုက်တွင် ၂၀၁၃-၂၀၁၄ အချိန်ကာလအတွင်းမှ လက်နက်ကိုင်ဆောင်သွားလာလှုပ်ရှားနေခြင်းမျိုးမဟုတ်ပါ။ မိမိတို့ရှမ်းပြည်လက်နက်ကိုင်တော်လှန်ရေးစတင်ခဲ့စဉ်ကပင် နေထိုင်လာသည့်နေရာဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် တပ်မတော်က မိမိနယ်မြေဒေသတွင်းသို့ ထိုးစစ်ဆင်တိုက်ခိုက်သည့်အခါတွင် မိမိအဖွဲ့အစည်းမှ ဒေသဖွံ့ဖြိုးရေးအတွက်တည်ဆောက်ထားသော တာဖာဆောင်တံတားသည် တပ်မတော်၏ မိုင်းခွဲမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရဖူးသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်ပိုင်း မိမိဘက်မှ အသစ်ထပ်မံတည်ဆောက်ခဲ့သည့်တံတားဖြစ်သည်။ တပ်မတော်မှ အကြောင်းမရှိအကြောင်းရှာပြီး ၂၀၁၄ ခုနှစ် ဇွန်လအတွင်း တာဖာဆောင်အနီးရှိ မိမိ SSPP/SSA တပ်ကိုဆုတ်ခွာခိုင်းခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အဖွဲ့ဝင် ဝန်ကြီး ဦးခင်မောင်စိုးတို့နှင့် မိမိ SSPP/SSA ဗဟိုကော်မတီကိုယ်စားလှယ်အဖွဲ့တို့ နစ်ကြိမ်တိုင်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ တဘက်သတ် မိမိ SSPP/SSA တပ်ဖွဲ့များကို ဆုတ်ခိုင်းခြင်းဖြစ်သည်။ ထို့ကြောင့် ဆုတ်ခြင်းဆုတ်ပါက နစ်ဘက်စလုံးမှ ဆုတ်သင့်သည့်အကြောင်း မိမိဘက်မှဆွေးနွေးတင်ပြခဲ့ပါသည်။ တိကျပြတ်သားသည့် အဖြေမရရှိသောဆွေးနွေးညှိနှိုင်းမှုကို မိမိဗဟိုကော်မတီထံသို့ တင်ပြအစီအရင်ခံရန် နေပြည်တော်မှ ဝမ်ဟိုင်းသို့ပြန်ခဲ့ပါသည်။ ဇွန်လ ၂၆ ရက်နေ့ အပြန်လမ်း၌ အရှေ့အလယ်ပိုင်းတိုင်း

စစ်ဌာနချုပ်တိုင်းမှူးအား မိမိအဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူး စဝ်ခွန်ဆိုင် ခိုလမ်တွင် သွားရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။ တိုင်းမှူးမှ မိမိအဖွဲ့အစည်းအား တာဖာဆောင်မှ ဆုတ်ခွာပေးရန်သာပြောသည်။ မိမိဘက်မှအကျိုးအကြောင်းပြန်ရှင်းပြသည်၊ ပြေလည်မှုမရရှိခဲ့ပါ။ ထိုနေ့ (၁၅း၁၅)နာရီခန့်တွင် ရလခ၊ စကခ(၂)လက်အောက်ခံ ခလရ(၂၄၇)သည် လက်နက်ကြီး ပစ်ကူဖြင့် တာဖာဆောင်အနီးရှိ မိမိ SSA စခန်းကို စတင်ဝင်ရောက် တိုက်ခိုက်ခဲ့သည်။ မိမိဘက်မှ မတတ်သာ၍ ကိုယ့်ကိုယ်ကိုကာကွယ်သည့်အနေဖြင့် ပြန်လည်ခုခံခဲ့သည်။ လက်တွေ့ဖြစ်စဉ်ထဲ၌ မူလ ခလရ(၂၄၇)တပ်ရင်းတစ်ရင်းဖြင့်သာ ထိုးစစ်ဆင်တိုက်ခိုက်သည့်နေရာတွင် တပ်ရင်း(၆)ရင်း နှင့် လက်နက်ကြီးအင်အားထပ်ဖြည့်တင်းလူပ်ရှားနေရာယူချထားခြင်းကြောင့် စာသင်ကျောင်းများ ပိတ်ခဲ့ရသည်။ ပြည်သူလူထု၏ တောင်ယာစိုက်ခင်းများပျက်စီးခဲ့ရသည်။ စစ်ပြေးဒုက္ခသည်(၃၀၀)ခန့် ဝမ်ဝပ်ဘုန်းတော်ကြီးကျောင်းတွင် ယာယီရှောင်တိမ်းနေထိုင်၍ အတိဒုက္ခရောက်နေခဲ့ရသည်။

ပြည်သူ့လွှတ်တော် ဒုသဘာပတိ ဒေါက်တာသူဇာအောင် ရုံးမှ မှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့၌ ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်သည် တာဖာဆောင်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်သို့ အရေးကြီးအဆို တင်သွင်းခဲ့သည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လွှတ်တော်တွင်း ပြန်လည်ရှင်းလင်းခဲ့သည်။ ၎င်းကိစ္စများအပေါ် မိမိSSPP/SSA၏ အမြင်သဘောထားကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့စွဲဖြင့် ရှင်းရှင်းလင်းလင်း ထုတ်ပြန်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

(၂) ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ နေပြည်တော်တွင် နိုင်ငံတော်သမ္မတကြီးနှင့် မိမိအဖွဲ့အစည်းတွေ့ဆုံခွင့်ရစဉ် တာဖာဆောင်ကိစ္စနှင့်ပတ်သက်၍ပြောကြားရာ၌ "မည်သူမျှ ထိုနေရာတွင် မနေကြနှင့်" ဟူသော မိန့်မှာချက်အပေါ် မိမိ SSPP/SSA မှ ကြိုဆိုထောက်ခံပါသည်။ နေပြည်တော်မှ ဝမ်ဟိုင်းအပြန်ခရီးတွင် (၃၁.၈.၂၀၁၄)ရက်နေ့ ခိုလမ်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအား မိမိတို့၏ ဒုတိယဥက္ကဋ္ဌ စဝ်ခေးတိုင်းဦးဆောင်၍ သွားရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ်တွင် မိမိတို့ဘက်မှ သမ္မတကြီး၏ပြောကြားချက်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် တာဖာဆောင်ကိစ္စသည် မိမိဘက်မှတပ်မတော်ကို စတင်တိုက်ခိုက်ခြင်းမျိုးမဟုတ်သည့်အတွက်ကြောင့်တပ်မတော် အနေဖြင့် ဂုဏ်သိက္ခာရှိရှိ အရင်ဆုံးဆုတ်ပေးသင့်ကြောင်းကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။ တဆက်တည်းပင် "တိုင်းမှူးသဘောထားကော ဘယ်လိုလဲ" ဟု ပြန်မေးရာတွင် တိုင်းမှူးမှ မည်သည့် ဖြေကြားချက်မျှမပေးဘဲ SSPP/SSAကို အရင်ဦးစွာ ဆုတ်ပေးရေးကိုသာပြောသည်။ မည်သည့် သဘောတူညီချက်မျှမရရှိဘဲ မိမိအဖွဲ့သည် ဝမ်ဟိုင်းသို့ ပြန်ခဲ့သည်။

၃၀.၉.၂၀၁၄ နေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မိမိခိုလမ်ဆက်ဆံရေးရုံး တာဝန်ခံအားခေါ်ယူ၍ **"ခင်ဗျားတို့ ဆုတ်ပေးမယ်ပြောပြီး ဘာကြောင့်မဆုတ်ပေးသလဲ၊ ဆုတ်မလား မဆုတ်ဘူးလား သိချင်တယ်"** ဆိုသော ပြောဆိုချက်ကို မိမိဆက်ဆံရေးရုံးတာဝန်ခံမှတဆင့်သိရပြီး ၎င်းနေ့တွင်ပင် မိမိဘက်မှ ပြန်လည်ပြောကြားမေးမြန်းသည်မှာ နိုင်ငံတော်သမ္မတကြီး၏ မိန့်မှာချက်ဖြစ်သည့် **"တာဖာဆောင်တွင် မည်သူမျှမနေကြနှင့်"** ဆိုသည်ကို မိမိ SSPP/SSA မှ ကြိုဆို

ထောက်ခံပါကြောင်းနှင့် တိုင်းမှူးသဘောထား မည်ကဲ့သို့ရှိကြောင်း ထပ်မံမေးမြန်းခဲ့သည်။ မည်သည့် ပြန်ကြားချက်မျှ မရရှိခဲ့ပေ။

၁.၁၀.၂၀၁၄ နေ့ သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင် အရှေ့အလယ်ပိုင်းတိုင်းမှ မိမိတို့ အဖွဲ့အစည်းအား **"ခင်ဗျားတို့ တာဖာဆောင်ကနေဆုတ်ပေးမလား၊ မဆုတ်ဘူးလား ဒါပဲသိချင်တယ်၊ ကျန်တာတွေ ဘာမှမသိချင်ဘူး"** ဆိုသည့် ရာဇသံပေးလာသည်။ ဤကိစ္စနှင့်ပတ်သက်၍ ထိုနေ့ တွင်အကြောင်းမပြန်နိုင်သေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် ထိုနေ့သည် ဥပုသ်နေ့ဖြစ်နေသည်၊ လူကြီးများဘုန်းကြီးကျောင်းသွားပြီး အလှူဒါန သီလဆောက်တည်နေသောကြောင့် ၂.၁၀.၂၀၁၄ နံနက် ၁၁ နာရီခန့်တွင် အကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်း ခိုလမ်(ရလခ)သို့ မိမိ ဆက်ဆံရေး ရုံးတာဝန်ခံမှတဆင့် အကြောင်းကြားစေခဲ့ပါသည်။ သို့သော်(၂.၁၀.၂၀၁၄)နေ့ နံနက် (၀၅း၄၅) နာရီ ချိန်တွင် တပ်မတော်မှလက်နက်ကြီးပစ်ကူများဖြင့် မိမိ၏တောတွင်းရှိ တာဖာဆောင်၊ ကုန်းမတ်ပာင် တန်စခန်းများကို တချိန်တည်း တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်သည်။ ထိုနေ့ နံနက်(၀၇း၃၀)နာရီ တွင်လည်း မိမိ၏တောတွင်းရှိ ပန်စယ်၊ မတ်မုန်လောင်းနှင့် ကုန်းမိုက်ညောင် စခန်းများကို တချိန် တည်း တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုနေ့ညနေပိုင်းတွင် SSPP/SSA အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ မိမိတပ်များကို တာဖာဆောင်မှ ဆုတ်ခွာရန် ဆုတ်မိန့် ပေးခဲ့သည်။ ၂.၁၀.၂၀၁၄ နေ့စွဲဖြင့် ဤစစ်ပွဲကို ရပ်စဲပေးပါရန်နှင့် ဆက်လက်မပြန့်ပွားစေရန် နိုင်ငံတော်သမ္မတကြီးထံ အီးမေးလ်ဖြင့် ရေးသားတင်ပြပေးပို့ခဲ့သည်။ ၃.၂၀.၂၀၁၄ နေ့ နံနက်မိုး မလင်းမီတွင် မိမိတပ်ဖွဲ့များ တာဖာဆောင်မှ ဆုတ်ခွာပေးခဲ့သည်။

၄.၁၀.၂၀၁၄ နေ့တွင် တပ်မတော်မှ တာဖာဆောင်နှင့် မပတ်သက်သော မိမိ SSPP/SSA ဗဟိုဌာနချုပ်လုံခြုံရေးတပ်(ဂမ်ဟိုင်းတံခါး၈)စခန်းများဖြစ်သည့် လွယ်ကျူတောင်၊ ကောင်းမုန်မိန်းနှင့် ကောင်းမိုက်ညောင် တပိုက်ကို နံနက်(၀၅း၄၅)နာရီမှ ညနေမိုးချုပ်သည်အထိ လက်နက်ကြီးအကူ အညီများဖြင့် ပြင်းပြင်းထန်ထန်ပတ်ခတ်၍ ခြေလျင်တပ်များဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

၅.၁၀.၂၀၁၄ နေ့ နံနက်(၀၈း၃၀)နာရီခန့်တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မိမိအဖွဲ့ အစည်းထံ ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။ SSPP/SSA မှ နိုင်ငံတော်သမ္မတကြီး၏ မိန့်မှာချက်အတိုင်း တာဖာဆောင်မှ ဆုတ်ခွာပေးပြီးဖြစ်သည့်အတွက်ကြောင့် တပ်မတော်ဘက်မှလည်း တဖြည်းဖြည်း ဆုတ်ပေးမည်ဖြစ်ကြောင်း၊ အပြန်လမ်းမကြီး၌ မိုင်းထောင်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်း မပြုလုပ်သည် သာမက တပ်မတော်ဘက်မှ ဆုတ်ခွာရာတွင် ယာဉ်ကားအခက်အခဲရှိခဲ့လျှင် မိမိဘက်မှအကူအညီ ပေးလိုကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီးဖြစ်သောကြောင့် တပ်မတော်ဘက်မှ စစ်သည်အင်အား၊ လက်နက်ခဲယမ်းမီးကျောက်များ ထပ်မံဖြည့်တင်းခြင်းမဖြစ်စေရန်နှင့် တောတွင်းရှင်းလင်းရေးများ မပြု လုပ်စေလိုကြောင်း ပြုလုပ်ပါက မလွှဲမရှောင်သာဘဲ မိမိတပ်ဖွဲ့များ၏ ခုခံကာကွယ်မှုနှင့် ကြုံတွေ့နိုင် ကြောင်း စသည့်အချက်များကို ဖုန်းဖြင့်အပြန်အလှန်ပြောဆိုညှိနှိုင်းခဲ့ကြသည်။ ဤသည်တို့ကား တာဖာဆောင်တိုက်ပွဲဖြစ်စဉ် ဖြစ်ရပ်မှန်များဖြစ်ပေသည်။ တစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက -

(က) တာဖာဆောင်တိုက်ပွဲသည် မမျှော်လင့်ဘဲ၊ ရုတ်တရက်ဖြစ်ပေါ်လာသည့် တိုက်ပွဲမျိုး မဟုတ်ပါ။ တပ်မတော်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးအင်အားများပူးပေါင်းကာ အစီအစဉ်ရှိရှိ တိုက်ခိုက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ တချိန်တည်း တပြိုင်တည်း ၂ နေရာ၊ ၃ နေရာကို လက်နက်ကြီးများပစ်ကူဖြင့် ခြေလျင်တပ်များ ထိုးစစ်ဆင်တိုက်ခိုက်သည့်သာဓကကိုကြည့်ခြင်းအားဖြင့် လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပေသည်။

(ခ) တပ်မတော်မှ စတင်တိုက်ခိုက်၍သာ မိမိ SSPP/SSA မှ မလွဲမရှောင်သာပဲ ပြန်လည်ခုခံခဲ့ရခြင်းသာဖြစ်ပါသည်။ မိမိအဖွဲ့အစည်းသည် ၂၀၁၂ ခုနှစ် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်နေပါသည်။

(ဂ) တပ်မတော်မှ တဖြေးဖြေးဆုတ်ခွာပေးမည်ဆိုသည်ကား ယနေ့ထက်တိုင်ဆုတ်ခွာခြင်း မရှိသေးသည့်အတွက်ကြောင့် နောက်ထပ်တစ်လ၊ တစ်နှစ်၊ ၁၀ နှစ်ကြာမှ ဆုတ်ခွာသွားမည်လောဟု မေးခွန်းထုတ်စရာဖြစ်နေပါသည်။ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက ဆုတ်ခွာခြင်းကို အချိန်မဆွဲသင့်ပေ။

(ဃ) ဤတာဖာဆောင်တိုက်ပွဲကြောင့် တပြည်လုံးအပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ယုံကြည်မှုများကို တစုံတရာထိခိုက်စေပါသည်။

၂။ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့်ဖြေရှင်းခြင်းသည် အဖြေကောင်း၊ ရလဒ်ကောင်း မဖြစ်နိုင်ပေ။ ပြည်တွင်းစစ်နှစ်ပေါင်း ၆၀ ကျော်မှ ရရှိခဲ့သည့်ရလဒ်ကား တိုင်းပြည်သည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ဖြစ်သွားသည်၊ ပြည်သူလူထုတရပ်လုံး ဆင်းရဲမွဲတေ ဒုက္ခပင်လယ်ဝေနေသည့်အဖြေသာရရှိခဲ့သည်။ ထို့ကြောင့် တိုင်းပြည်နှင့်ပြည်သူလူထုမျက်နှာကို ထောက်ထားပြီး နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့်မဖြေရှင်းပဲ နိုင်ငံရေးနည်းဖြင့် သူမနာ ကိုယ်မနာ ဖြေရှင်းရန် မိမိ SSPP/SSA မှ အစဉ်တစိုက်တောင်းဆိုခဲ့သည်။ တောင်းဆိုသည့်အတိုင်းလည်း လုပ်ဆောင်နေပါသည်။ ပြီးခဲ့သော ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်း တပ်မတော်မှ စတင်တိုက်ခိုက်၍ မိုင်းအွတ်ဒေသ ဟွေလွတ်၊ တောင်ဟီးရိုး၊ (၇)မိုင်စခန်းနှင့် ၂၀၁၄ ခုနှစ် မိုင်းရှူး လွယ်ဆောင်ထောက်စစ်ပွဲများမှ မိမိတပ်များဆုတ်ပေးခဲ့သည့်သာဓကသည် ငြိမ်းချမ်းစွာဖြင့် တန်းတူမျှတစွာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးသို့သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့လိုလားတောင့်တနေသော နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန် ဦးဆောင်ဦးရွက်ပြုလုပ်သည့် ညင်သာသောနိုင်ငံရေးကူးပြောင်းမှုများ ပေါ်ပေါက်လာနိုင်စေရန် သက်ဆိုင်ရာအားလုံးနှင့်ပူးပေါင်း၍ ကြိုးစားလုပ်ဆောင်သွားပါမည်။

၃။ မိမိအဖွဲ့အစည်းနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ ပါတီပေါင်းစုံ၊ အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်သည့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အမြန်ဆုံးဖြစ်မြောက်လာစေရေးကို အတူတကွကြိုးစားသွားရပေမည်။ ထိုမှတဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲသို့ တက်လှမ်းကာ ငြိမ်းချမ်းရေးရယူ၍ မိမိတို့

နိုင်ငံတော်အား ခေတ်နောက်ကျသည့်နေရာမှ ခေတ်မှီတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်းကို ရဟန်းသံဃာတော်များ၊ မိဘပြည်သူလူထုများ၊ မိမိSSPPဏ်ပါတီဝင်များ၊ SSAတပ်မှူးတပ်သားများ၊ နိုင်ငံရေးပါတီများ၊ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် အဆွေတော်ညီနောင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး သိရှိနိုင်ပါရန်ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်ရှင်းလင်းတင်ပြအပ်ပါသည်။

ဗဟိုပြန်ကြားရေးဌာန

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်